# သံလွင်မြစ်ဝှမ်းအတွင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအတွက် ဌာနေကရင်လူမျိုးစုတို့၏သံနိုဌာန် ကြေငြာစာတမ်း

*(ဝေဘူးထာကြေငြာစာတမ်း)*

**နေ့စွဲ - ဧပြီလ (၃၀) ရက်၊ ၂၀၂၅ ခုနှစ်**

**နေရာ - သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၊ မူတြော်ခရိုင်/တပ်မဟာ (၅)**

သံလွင်မြစ်ဝှမ်းဒေသသည် ရွက်ပြတ်တော၊ ခြောက်သွေ့ရွက်ကြွေတော၊ ထင်းရှူးတော၊ တောင်ထူတော (montane forest)၊ နှင့် တောင်ပေါ်အမြဲစိမ်းတောများ ရောနှောပေါက်ရောက်လျက်ရှိသောဂေဟစနစ်များနှင့် ပြည့်စုံနေသည့် ဒေသဖြစ်သည်။ ကမ္ဘာ့အဆင့် စိုးရိမ်မှုအောက်တွင်ရှိနေသည့် တောရိုင်းတိရစ္ဆာန်မျိုးစိတ်များနေထိုင်ကျက်စားရာ ဒေသလည်းဖြစ်ပြီး ထိုအထဲတွင် ဒေသတွင်းလူမှုရေးနှင့်ယဉ်ကျေးမှုအရ အရေးကြီးသောမျိုးစိတ်များဖြစ်သည့် ကျား၊ တောခွေး (Dhole)၊ ဒေါင်းမင်းစိမ်း၊ တရုတ်သင်းခွေချပ်၊ ပသျှူး/မလေးသင်းခွေချပ်၊ ကျားသစ်မျိုးစိတ်အမျိုးမျိုး၊ လိပ်ဝါ၊ ပြောင်၊ မျက်ခုံးဖြူမျောက်လွှဲကျော်၊ အောင်လောင်ငှက်၊ နှင့် ဒေါင်းကုလား/ဒေါင်းမင်း စသည့်မျိုးစိတ်များပါဝင်သည်။[1]

ကျွန်ုပ်တို့၏ဘိုးဘွားမြေပေါ်တွင် ဤကဲ့သို့အရေးကြီးသောတောရိုင်းတိရစ္ဆာန်မျိုးစိတ်များ ယခုအချိန်ထိ လူသားနှင့်အတူယှဉ်တွဲနေထိုင်နိုင်ခြင်းက ကျွန်ုပ်တို့ဌာနေကရင်လူမျိုးစုတို့၏လူမျိုးလက္ခဏာကို အခိုင်အမာသက်သေထူ အတည်ပြုပေးနေသလို ကျွန်ုပ်တို့၏ရိုးရာယုံကြည်မှုနှင့် ဓလေ့ထုံးတမ်းယဉ်ကျေးမှုတို့အပေါ်အခြေခံသော သဘာဝပတ်ဝန်းကျင်နှင့်ကျွန်ုပ်တို့အကြားက နက်ရှိုင်းသည့်ပတ်သက်ဆက်နွယ်မှုကို ထင်ဟပ်စေသည်။ ဤရိုးရာဓလေ့များက ကျွန်ုပ်တို့၏ သဘာဝအရင်းအမြစ်များကို စဉ်ဆက်မပြတ်ရှင်သန်ဖွံ့ဖြိုးစေသောနည်းစနစ်များဖြင့် စီမံခန့်ခွဲနိုင်အောင် လမ်းညွှန်ပေးပြီး တစ်ချိန်တည်းတွင် ကျွန်ုပ်တို့၏အိမ်နီးချင်းသဘာဝတောရိုင်းတိရစ္ဆာန်မျိုးစိတ်တို့နှင့်ကျွန်ုပ်တို့ အတူတကွငြိမ်းချမ်းစွာ ရှင်သန်နေထိုင်နိုင်အောင် လမ်းညွှန်ပေးသည်။

1 ကျား (Panthera tigris - EN)၊ ဒေါင်းမင်းစိမ်း (Green Peafowl/Pavo muticus - EN), ၊ တရုတ်သင်းခွေချပ် (Chinese Pangolin/Manis pentadactyla - CR)၊ ပသျှူး/မလေး သင်း ခွေချပ် (Sunda Pangolin/Manis javanica - CR)၊ အင်ဒိုချိုင်းနားကျားသစ် (Indochinese Leopard/Panthera pardus ssp. delacouri - CR)၊ ပြောင် (Gaur/Bos gaurus - VU)၊ မျက်ခုံးဖြူမျောက်လွှဲကျော် (Eastern Hoolock Gibbon/Hoolock leuconedys - VU)၊ အောင်လောင်ငှက် (Great Hornbill (Buceros bicornis - VU)၊ နှင့် ဒေါင်းကုလား/ဒေါင်းမင်း (Gray peacock-pheasant/Polyplectron bicalcaratum - LC) တို့ကို ကော်သူးလေသစ်တောဌာန၏ဥပဒေအောက်တွင် ဌာနေကရင်တိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းရိုးရာတားမြစ်ချက်များနှင့်အညီ ကာကွယ်ထားသည်။ လိပ်ဝါ (Elongated tortoise/Indotestudo elongate - CR) နှင့် တောခွေး (Dhole/Cuon alpinus -EN) နှစ်မျိုးကိုမူ ကာကွယ်စာရင်းထဲတွင် ထည့်သွင်းရန် အဆိုပြုထားဆဲဖြစ်သည်။










ယခင် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့မှ ၂၈ ရက်နေ့အထိတွင် တောရိုင်းတိရစ္ဆာန်ပူးပေါင်းထိန်းသိမ်းဆောင်ရွက်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲတစ်ခုကို မူတြော်ခရိုင်၊ ခေါ်ပူအုပ်စု၊ ဘူးသိုမြို့နယ်အတွင်းရှိ ဝါကလေထာရွာတွင် တစ်ကြိမ်ပြုလုပ်ခဲ့ပြီဖြစ်ပြီး ထိုတွေ့ဆုံမှုအပြီးတွင် **ကရင်ရိုးရာ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးနှင့် ကျေးရွာသစ်တောကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့၏အခန်းကဏ္ဍကို မြှင့်တင်ခြင်း** အတွက် ပူးပေါင်းဆောင်ရွက်သွားရန် ပါဝင်တက်ရောက်သူအားလုံးမှ သံန္နိဋ္ဌာန်ပြုခဲ့ကြသည်။ အသေးစိတ်ကို ဖေါ်ပြပါ link တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။ https://kesan.asia/publication/declaration-of-commitment-of-the-indigenous-karen-people-to-preserve-wildlife-in-the-salween-river-basin/

သို့သော် ယနေ့အချိန်အခါတွင်ဖြစ်ပွားနေသည့် ပြည်တွင်းစစ်၊ နိုင်ငံရေးပဋိပက္ခ၊ ကမ္ဘာ့ရာသီဥတုဖေါက်ပြန်မှု၊ နှင့် ကြီးမားသောအသက်မွေးဝမ်းကျောင်းမလုံခြုံမှုများကိုဖြစ်စေသည့် အခြားအကြောင်းအရင်းများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဆိုင်ရာ ဌာနေကရင်အသိအမြင်နှင့် ရိုးရာဓလေ့များမှာ ကျွန်ုပ်တို့၏ကော်သူးလေနယ်မြေတွင် တစ်ဖြည်းဖြည်းအားနည်းဆုတ်ယုတ်လာခဲ့သည်။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏အရှေ့ဘက်တွင် မျိုးသုဉ်းရန်အန္တရာယ်ရှိသည့် မျိုးစိတ်များကို ကာကွယ်သွားရန်အတွက် ကေအဲန်ယူကရင်အမျိုးသားအစည်းအရုံး၏ မူတြော်ခရိုင် ကော်သူးလေသစ်တောဌာန (KFD) က ၎င်း၏မြေပြင်တာဝန်ရှိသူများနှင့်အတူ သစ်တောဥပဒေစီးကြပ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။ ထို့အပြင် သံလွင်မြစ်ဝှမ်းဒေသအတွင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဥပဒေကပြဌာန်းထားသည့်အတိုင်း အများပြည်သူလိုက်နာမှုရှိအောင်နှင့် တရားမဝင်သားကောင်ပစ်ခတ်ဖမ်းဆီးခြင်းနှင့် သစ်ထုတ်လုပ်ခြင်းများကို စောင့်ကြည့်တားဆီးရန်အတွက် ကျေးရွာသစ်တောကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့များကိုလည်း ဖွဲ့စည်းချမှတ်ထားပြီးဖြစ်သည်။ ဤသည်မှာ မလုံလောက်ပါ။ တစ်ချိန်တည်းတွင် ကျွန်ုပ်တို့ဌာနေကရင်လူမျိုးစုတို့၏ ဌာနေအသိပညာနှင့် ဓလေ့ရိုးရာအစဉ်အလာများ ပြန်လည်ရှင်သန်အားကောင်းလာအောင်နှင့် ဒေသခံလူထု၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ နှင့် ပါဝင်သင့်ပါဝင်ထိုက်သူအားလုံးမှ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပိုမိုပါဝင်လှုပ်ရှားလာအောင် ကျွန်ုပ်တို့လုပ်ဆောင်ရမည် ဖြစ်သည်။

ကျွန်ုပ်တို့၏ရည်မှန်းချက်ပြည့်မြောက်အောင် အတူတကွလုပ်ဆောင်နိုင်ရန်အတွက် သံလွင်မြစ်ဝှမ်းဒေသတွင်နေထိုင်ကြသည့် ကျွန်ုပ်တို့ဌာနေပြည်သူလူထုများ၊ မူတြော်ခရိုင်ထဲရှိ ကေအဲန်ယူခရိုင်အုပ်ချုပ်ရေးအဆင့်ဆင့်မှ ကိုယ်စားလှယ်ခေါင်းဆောင်များ၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တပ်မဟာ (၅) မှ ကိုယ်စားလှယ်ခေါင်းဆောင်များ၊ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏အုပ်ချုပ်ရေးကော်မတီနှင့် လုပ်ငန်းဖေါ်ဆောင်ရေးအဖွဲ့၊ ကရင်သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ လှုပ်ရှားမှုကွန်ရက် (KESAN)၊ ကဆောထယ်ကျေးရွာပိုင်ဘုံသစ်တောအသိုင်းအဝန်း၊ လေ့သမားနှင့် နယ်မြေခံမုဆိုးတို့သည့် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၇ ရက်မှ ၁၈ ရက်နေ့အထိတွင် ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးမှုတစ်ခုကို မူတြော်ခရိုင်၊ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၊ ဘူးသိုမြို့နယ်၊ ထီးလယ်ပူ

အုပ်စုအတွင်းရှိ ဝေဘူထာကျေးရွာတွင် ပြုလုပ်ခဲ့သည်။ **ကရင်ရိုးရာတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးနှင့် ကျေးရွာသစ်တောကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့၏အခန်းကဏ္ဍကို မြှင့်တင်ခြင်း** ခေါင်းစဉ်ဖြင့်ပြုလုပ်သော ဤတွေ့ဆုံဆွေးနွေးပွဲကို စုစုပေါင်းကိုယ်စားလှယ် ၉၁ ဦး တက်ရောက်ခဲ့သည်။

**တွေ့ဆုံဆွေးနွေးပွဲ၏ရည်ရွယ်ချက်များမှာ**

၁။ သဘာဝအရင်းအမြစ်နှင့်တောရိုင်းတိရစ္ဆာန်များ စဉ်ဆက်မပြတ်ရှင်သန်တိုးပွားအောင် စီမံခန့်ခွဲရာနှင့်ထိန်းသိမ်းရာတွင် အထောက်အကူပြုသည့် ဌာနေကရင်လူမျိုးစုတို့၏ ဌာနေအသိပညာ၊ ရိုးရာဓလေ့အစဉ်အလာ၊ ရိုးရာယုံကြည်မှု၊ ရိုးရာတားမြစ်ချက်များနှင့် ၎င်းတို့၏တန်ဘိုးကို အများပြည်သူပိုမိုသိမြင်နားလည်လာအောင် ဆောင်ရွက်ရန်၊

၂။ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းတွင် ကျေးရွာသစ်တောကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့၏ အခန်းကဏ္ဍကို အများပြည်သူအသိအမှတ်ပြုရန်၊

၃။ ကော်သူးလေသစ်တောဌာနကချမှတ်ထားသော သစ်တောနှင့်တောရိုင်းတိရစ္ဆာန်ဥပဒေများ၊ နှင့် ဌာနေကရင်လူမျိုးစုတို့၏ ရိုးရာဓလေ့အစဉ်အလာ၊ ရိုးရာအယုံအကြည်၊ နှင့် ရိုးရာယုံကြည်မှုအရတားမြစ်ထားသည့် ရှောင်ရန်စဉ်းမျဉ်းစည်းကမ်းများအား အများပြည်သူလိုက်နာရေးကို သက်ဆိုင်သူအားလုံးမှ လက်တွဲပူးပေါင်းပါဝင်လုပ်ဆောင်ရန်နှင့် မြှင့်တင်ရန်၊ နှင့်

၄။ ဝါကလေထာကြေငြာစာတမ်းပါအကြောင်းအရာများအား ပြန်လည်သတိမူစေရန်နှင့် လိုက်နာဆောင်ရွက်မှုအား ပိုကောင်းလာစေရန်၊

စသည်တို့ဖြစ်သည်။

နှစ်ရက်တာအကြာပြုလုပ်သော ဤတွေ့ဆုံဆွေးနွေးပွဲတွင် (၁) သံလွင်မြစ်ဝှမ်းဒေသ၏သဘာဝဇီဝမျိုးကွဲများအား ထိန်းသိမ်းခြင်း၏အရေးပါမှု၊ (၂) ယခင်သံလွင်မြစ်ဝှမ်းဒေသတွင်ပြုလုပ်ခဲ့သည့် တောရိုင်းတိရစ္ဆာန်မျိုးစိတ်သုသေသနမှ တွေ့ရှိခဲ့သည့်ရလဒ်များ၊ (၃) ဌာနေကရင်လူမျိုးစုတို့၏ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းခြင်းပုံစံများကို အနောက်နိုင်ငံ၏သိပ္ပံအခြေခံထိန်းသိမ်းရေးပုံစံနှင့် နှိုင်းယှဉ်ခြင်း၊ (၄) ကရင်ရိုးရာ ဓလေ့ထုံးတမ်းတရားစီရင်ရေးစနစ်အပါအဝင် ကော်သူးလေသစ်တောဌာန၏ဥပဒေကိုချိုးဖေါက်ပါက ရရှိနိုင်သည့်ပြစ်ဒဏ်၊ နှင့် (၅) ကျေးရွာသစ်တောကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့၏ တစ်နှစ်တာကာလအတွင်းလှုပ်ရှားမှုနှင့် ရှေ့လုပ်ငန်းစဉ်များ၊ စသည့်အကြောင်းအရာများကို နှီးနှောဖလှယ်ခဲ့သည်။











**ထို့အပြင် နှစ်ရက်တာဆွေးနွေးမှုတွင် အောက်ပါရှေ့လုပ်ငန်းစဉ်များအား အကောင်အထည်ဖေါ်သွားရန် သဘောတူခဲ့သည်။**

၁။ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး၊ သဘာဝထိန်းသိမ်းရေးဆိုင်ရာ ဓလေ့ရိုးရာအစဉ်အလာများ၊ နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိအမြင်မြှင့်တင်ရေးအစီအစဉ်နှင့်လှုပ်ရှားမှုကို ပိုမိုလုပ်ဆောင်ခြင်း

၂။ ကျေးရွာသစ်တောကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့ တိုးမြှင့်ဖွဲ့စည်းခြင်းနှင့် ၎င်းတို့လုပ်ငန်းလုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သော စွမ်းရည်မြှင့်တင်ရေးအစီအစဉ်နှင့် ပံ့ပိုးမှုများကို လုပ်ဆောင်ခြင်း

၃။ အထွတ်အမြတ်ထားရာ ကန့်သတ်နယ်မြေများကို ပြန်လည်အသက်သွင်းခြင်းနှင့် အမဲလိုက်ခွင့်မရှိသည့်နေရာများကို ရှင်းလင်းစွာ သတ်မှတ်ခြင်းဖြင့် တောရိုင်းတိရစ္ဆာန်များ ရှင်သန်ပွားများနိုင်အောင် ဆောင်ရွက်ခြင်း

၄။ မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသည့်မျိုးစိတ် (CR) ၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသည့်မျိုးစိတ် (EN)၊ မျိုးသုဉ်းမှုအန္တရာယ် ကျရောက်နိုင်သည့်မျိုးစိတ် (VU) ၊ (သို့မဟုတ်) ဓလေ့ထုံးတမ်းအရတားမြစ်ထားသည့်မျိုးစိတ်၊ စသည့်မျိုးစိတ်များအား ရှာဖွေပစ်ခတ်ဖမ်းဆီးခြင်းနှင့် တောရိုင်းတိရစ္ဆာန်အမျိုးမျိုး၏ အသား/ကိုယ်ခန္ဓာအစိတ်အပိုင်းများကို တရားမဝင်ကူးသန်းရောင်းဝယ်ခြင်း၊ စသည်တို့ကိုထိန်းချုပ်ရန်အတွက် ချမှတ်ထားသောဥပဒေများကို အများပြည်သူလိုက်နာအောင် ထိရောက်စွာလုပ်ဆောင်ခြင်း

၅။ သံလွင်မြစ်ကို ကူးဖြတ်နေသည့် တောကောင်များ (သို့မဟုတ်) ရွာထဲသို့ဝင်လာသော တောကောင်များအား ဌာနေကရင်လူမျိုးစုတို့၏ ရိုးရာယုံကြည်မှု၊ တားမြစ်ချက်များနှင့်အညီ ပစ်ခတ်ဖမ်းဆီးသတ်ဖြတ်ခွင့်ပိတ်ပင်ကြောင်း အထူးအမိန့်ထုတ်ပြန်ခြင်း

၆။ သံလွင်မြစ်နှင့်၎င်း၏မြစ်လက်တက်များ (သို့မဟုတ်) ချောင်းငယ်အားလုံးတွင် လျှပ်စစ် (သို့မဟုတ်) ကျင်စက်ဖြင့် ငါးဖမ်းခြင်းကို ပိတ်ပင်ခြင်း

၇။ ကျဲပါးသွားသောသစ်တောများနှင့် တောရိုင်းတိရစ္ဆာန်ဖြတ်သန်းသွားလာရာလမ်းကြောင်းများတွင် သစ်ပြန်လည်ပျိုးထောင်စိုက်ပျိုးခြင်း

၈။ သံလွင်မြစ်ဝှမ်းဒေသတစ်လျှောက်တွင် အထိန်းအကွပ်မရှိ တောမီးရှို့ခြင်းများ (ဥပမာ - မီးတားလမ်းမလုပ်ခြင်း) ကို ထိန်းချုပ်နိုင်ရန်အတွက် သက်ဆိုင်ရာအိမ်နီးခြင်းနိုင်ငံ၏တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

နောက်ဆုံးအနေဖြင့် တွေ့ဆုံဆွေးနွေးပွဲတက်ရောက်ခဲ့သည့် ကျွန်ုပ်တို့အားလုံးသည် တောရိုင်းတိရစ္ဆာန်ကာကွယ်ရေးနှင့် တောရိုင်းတိရစ္ဆာန်ဥပဒေစည်းနှောင်အားကောင်းလာအောင် ဆောင်ရွက်ရေး၊ သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်စီမံခန့်ခွဲခြင်းဆိုင်ရာ ဌာနေကရင်လူမျိုးစုတို့၏ ဌာနေအသိပညာနှင့်ရိုးရာဓလေ့အစဉ်အလာများ အားကောင်းလာအောင် မြှင့်တင်ရေး၊ ကော်သူးလေသစ်တောဌာနကချမှတ်ထားသည့်ဥပဒေများအတိုင်း နေထိုင်လိုက်နာရေး၊ စသည်တို့တွင် ပူးပေါင်းပါဝင်လုပ်ဆောင်ခြင်းမှတစ်ဆင့် ကျွန်ုပ်တို့နှင့်ကျွန်ုပ်တို့၏အိမ်နီးချင်းမိတ်ဆွေ တောရိုင်းတိရ စ္ဆာန်တို့သည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏သံလွင်မြစ်ဝှမ်းဒေသ၌ အတူယှဉ်တွဲနေထိုင်ရှင်သန်နေထိုင်ကာ စဉ်ဆက်မပြတ်အတူတကွ ဖွံ့ဖြိုးတိုးတက်သွားအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အပြည့်အဝသဘောတူ သံန္နိဋ္ဌာန် ပြုပါသည်။


**ဆက်သွယ်ရန် -**

စောဖေါလ်စိန်ထွါး၊ အင်္ဂလိပ်နှင့် ကရင်ဘာသာ - (Signal/ WhatsApp/ Phone) +66 (0)81 724 7093

စောမူးရှီး၊ မြန်မာဘာသာနှင့် ကရင်ဘာသာ -(Signal/LIne/WhatsApp/ Phone) +66 (0)62 279 6409


